# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 4, Vol: 2/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (အင်္ဂါနေ့)

ရုရှားနိုင်ငံနယ်စပ်ရှိ နိုင်ငံများအတွက် လုံခြုံရေး ဘဏ္ဍာငွေထောက်ပံ့မှု အမေရိကန် ဖြတ်တောက်မည်

စာမျက်နှာ ၁



အရှေ့တောင်အာရှ နိုင်ငံများအတွက် စိမ်းလန်းစိုပြေရေး ဘဏ္ဍာရေးမူဝါဒများ အကောင်အထည်ဖော်နိုင်ရန် ထောက်ပံ့မှုများ လိုအပ်လျက်ရှိ

စာမျက်နှာ ၁၂




ထရမ့်၏ အခွန်တိုးမြှင့်မှု ဖိအားများကြားတွင် မိုဒီက အိန္ဒိယနိုင်ငံ၏ စီးပွားရေးအား အခွန်သက်သာခွင့်ပေး

စာမျက်နှာ ၁၇



ဗီယက်နမ်အလယ်ပိုင်းရှိ Gia Lai သည် အမေရိကန်ဒေါ်လာ ၈၇ သန်းတန် လေ့ကျင့်ရေးစင်တာ အသစ်ဖြင့်စိမ်းလန်းသောစွမ်းအင်ကို ရှေ့ဆောင်ပေး

စာမျက်နှာ ၂၃



# သတင်းများ


| | | |
|---|---|---|
| ရုရှားနိုင်ငံနယ်စပ်ရှိ နိုင်ငံများအတွက် လုံခြုံရေး ဘဏ္ဍာငွေ ထောက်ပံ့မှု အမေရိကန် ဖြတ်တောက်မည် | ဒေါ်ဟေမာန်ခိုင်ဝင်း (FERD) | ၁ |
| လပေါ်မှာ လူသားတွေ အသက်ရှင်သန်နေထိုင်နိုင်မယ့် နည်းပညာ | ဒေါ်ထက်ထက်လွင် (FERD) | ၂ |
| ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုံခြုံရေး ဖိုရမ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့က ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်သစ်အတွက် အမြင်များကိုမျှဝေ | ဒေါ်အေးအေးငြိမ်း (FERD) | ၄ |
| ဂျပန်အစိုးရအနေဖြင့် ယန်းငွေအခြေပြု Stablecoin ကို ပထမဆုံးအကြိမ်အဖြစ် သုံးစွဲခွင့်ပြုသွားမည် | ဒေါ်ရီရီမွန် (FERD) | ၆ |
| ရုရှားနိုင်ငံနှင့် ဥရောပနိုင်ငံတို့အတွက် မော်ဒိုဗာနိုင်ငံငယ်လေး၏ အရေးပါမှု | ဒေါ်သစ်သစ်စံ (FERD) | ၈ |
| အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးစာချုပ် လျင်မြန်စွာ ဆန်းစစ်ရန် အင်ဒိုနီးရှားတိုက်တွန်း | ဒေါ်ထက်ထက်လွင် (FERD) | ၉ |
| အကောက်ခွန်ဆိုင်ရာ စိုးရိမ်ပူပန်မှုများအကြားမှပင် ထိုင်ဝမ်၏ ပို့ကုန်တင်ပို့မှု မှာ စံချိန်တင်နိုင်ခဲ့ | ဒေါ်ဆုရွှန်းလဲ့ခင် (FERD) | ၁၀ |
| အရှေ့တောင်အာရှနိုင်ငံများအတွက် စိမ်းလန်းစိုပြေရေး ဘဏ္ဍာရေးမူဝါဒများ အကောင်အထည် ဖော်နိုင်ရန် ထောက်ပံ့မှုများ လိုအပ်လျက်ရှိ | ဒေါက်တာခင်ဆွေဦး (UMO) | ၁၂ |
| EV ကားသုံးစွဲမှုများပြားလာသောအခါ Ford သည် ကြီးမားပြီး ဓာတ်ငွေ့စွမ်းအင်သုံး SUV ကားဖြင့် တောက်ပလာခြင်း | ဒေါ်ပြည့်ပြည့်ဖြိုး (UMO) | ၁၅ |

# သတင်းများ


| | | |
|---|---|---|
| ထရမ့်၏ အခွန်တိုးမြှင့်မှု ဖိအားများကြားတွင် မိုဒီက အိန္ဒိယနိုင်ငံ၏ စီးပွားရေးအား အခွန် သက်သာခွင့်ပေး | ဒေါ်မြတ်အိန္ဒြေခိုင် (UMO) | ၁၇ |
| ထရန့်၏ အခွန်စည်းကြပ်မှု ထိုးနှက်ချက်ပြီးနောက် ဝယ်လိုအားကို မြှင့်တင်ရန် အိန္ဒိယနိုင်ငံက စားသုံးခွန် (Consumption Taxes) နှုန်းထားများကို လျှော့ချ | ဒေါ်နွယ်ယဉ်ထွန်း (DICA) | ၂၀ |
| ဗီယက်နမ်အလယ်ပိုင်းရှိ Gia Lai သည် အမေရိကန် ဒေါ်လာ ၈၇ သန်းတန် လေ့ကျင့်ရေး စင်တာ အသစ်ဖြင့် စိမ်းလန်းသော စွမ်းအင်ကို ရှေ့ဆောင်ပေး | ဒေါ်စုမြတ်မိုး (DICA) | ၂၃ |

# ရုရှားနိုင်ငံနယ်စပ်ရှိ နိုင်ငံများအတွက် လုံခြုံရေးဘဏ္ဍာငွေထောက်ပံ့မှု အမေရိကန် ဖြတ်တောက်မည်



အမေရိကန် ပြည်ထောင်စုသည် ရုရှားနိုင်ငံနှင့် နယ်နမိတ်ခြင်း ထိစပ်နေသည့် ဥရောပနိုင်ငံများအတွက် လုံခြုံရေး အထောက်အပံ့ အချို့ကို ဖြတ်တောက်သွားမည်ဟု သတင်းအရင်းအမြစ်များအရ သိရှိရပါသည်။ အဆိုပါ အစီအစဉ်သည် သမ္မတဒေါ်နယ်ထရန့်၏ အမေရိကန်သည် ပထမဟူသော နိုင်ငံခြားရေးမူဝါဒ ချမှတ်ပြီးနောက်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီးယင်းလက်ထက်တွင်နိုင်ငံခြား အထောက်အပံ့များကို လျှော့ချခဲ့ကာ ဥရောပနိုင်ငံများအနေဖြင့် ၎င်းတို့၏ ကာကွယ်ရေးစရိတ်များကို ၎င်းတို့ ပိုမိုကျခံသင့်ကြောင်း တွန်းအားပေးခဲ့ပါသည်။

ရုရှား-ယူကရိန်းအရေးသည် ဥရောပတွင်ဒေသတွင်း တည်ငြိမ်ရေးအတွက် စိုးရိမ်ပူပန်မှု မြင့်တက်စေခဲ့ပြီး ဘဏ္ဍာငွေအထောက်အပံ့ အများဆုံးရယူသည့် နိုင်ငံများတွင်အက်စ်တိုနီးယား၊လတ်ဗီးယားနှင့်လစ်သူယေးနီးယားနိုင်ငံတို့ ပါဝင်ပါသည်။ အမေရိကန်ကွန်ဂရက်သည် ကာကွယ်ရေးဌာနအောက်ရှိ အကူအညီ အထောက်အပံ့ အစီအစဉ်ကို အတည်ပြုခဲ့သော်လည်း အဆိုပါ အစီအစဉ်သည် ၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလအထိသာဖြစ်ပါသည်။သမ္မတထရန့်လက်ထက်တွင်အဆိုပါအစီအစဉ်ကို သက်တမ်းတိုးရန် ညွှန်ကြားခဲ့ခြင်းမရှိကြောင်း Financial Times နှင့် အခြား သတင်း အရင်းအမြစ် တစ်ခုအရ သိရှိရပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သမ္မတထရန့်သည် ၎င်း၏ ဒုတိယသက်တမ်း တာဝန်ယူသည့်ပထမနေ့တွင် နိုင်ငံခြားအထောက်ပံ့များအပေါ် ပြန်လည်သုံးသပ်ရန်နှင့်ချိန်ညှိမှုများပြုလုပ်ရန် ညွှန်ကြားသည့်အမိန့်စာအား လက်မှတ်ရေးထိုးခဲ့ကြောင်း အိမ်ဖြူတော်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။ ဆီးနိတ်နိုင်ငံခြားဆက်ဆံရေးကော်မတီရှိ ဒီမိုကရတ်ပါတီဝင်အမတ်ဖြစ်သူJeanne Shaheen က အမေရိကန်၏ မိတ်ဖက်နိုင်ငံများ၏ ကာကွယ်ရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုကို အားမနည်းစေသင့်ကြောင်း၊၎င်းတို့၏ လုပ်နိုင်စွမ်းအားကို မြှင့်တင်စေရန် တွန်းအား ပေးရမည်ဖြစ်

ကြောင်း၊ ထိုသို့ဘဏ္ဍာငွေထောက်ပံ့မှု ဖြတ်တောက်ခြင်းသည် အမေရိကန်တပ်ဖွဲ့ကို အခက်အခဲဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Source: US to cut some security funds for countries bordering Russia, sources say | Reuters

ဒေါ်ဟေမာန်ခိုင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## လပေါ်မှာ လူသားတွေ အသက်ရှင်သန် နေထိုင်နိုင်မယ့် နည်းပညာ



လူသားတွေအနေဖြင့် လပေါ်၌ အခြေချပြီး နေထိုင်နိုင်ရန်ဆိုသည်မှာ စိတ်ကူးထဲတွင်သာ အလုပ်ဖြစ်လိမ့်မည်ဟု ထင်မြင်ခဲ့ကြပါသည်။ အကြောင်းအရင်းမှာ လေ့လာတွေ့ရှိထားသည့် သိပ္ပံမှတ်တမ်းများအရ လ၏မျက်နှာပြင်မှာ လွန်စွာခက်ထန် ကြမ်းတမ်းပြီး အပူချိန်မှာလည်း အပြောင်းအလဲ အလွန်မြန်ဆန်၍ အသက်ရှူရန် အောက်ဆီဂျင်လည်း မရှိပါ။ လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်သည့် ရေဆိုသည်မှာလည်းမရှိဟု အားလုံးက မှတ်ယူ ခဲ့ကြသည့်အတွက် ဖြစ်ပါသည်။ သို့ရာတွင် ယခုအချိန်တွင် အဆိုပါစိတ်ကူးမှာ လက်တွေ့ဖြစ်လာတော့မည့် အချိန်ကိုရောက်ရှိလာပြီဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ လပေါ်၌ လူသားများနေထိုင်နိုင်စေမည့် နည်းပညာတစ်ခုကို တရုတ်သိပ္ပံပညာရှင်များက ဖော်ထုတ်လိုက်နိုင်ပြီ ဖြစ်ပါသည်။

ရှန်းကျန့်မြို့ရှိ ဟောင်ကောင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အဆိုပါနည်းပညာကို ဖော်ထုတ်လိုက်ခြင်းဖြစ်ပါသည်။ ၎င်းတို့၏ နည်းပညာမှာ လ၏မြေသားမှ ရေကိုထုတ်ယူပြီး ကာဗွန်ဒိုင်အောက်ဆိုက်မှတစ်ဆင့် အောက်ဆီဂျင်ကို ပြောင်းလဲနိုင်ရန်နှင့် လောင်စာအတွက် ဓာတုပစ္စည်းများကို ရရှိနိုင်စေရန်အတွက် အဆိုပါရေကို အသုံးပြုမည်ဖြစ်ပါသည်။ ယခုနည်းပညာသည် အနာဂတ်တွင် နက်ရှိုင်းကျယ်ပြောသည့် အာကာသထဲသို့ သွားရောက်လေ့လာမှုများ လုပ်ဆောင်နိုင်ရန်အတွက် အခွင့်အလမ်းများကို ဖွင့်လှစ်ပေးနိုင်ခြင်းလည်း ဖြစ်ပါသည်။

အကြောင်းအရင်းမှာ ရေနှင့်လောင်စာကဲ့သို့ မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်များကို ကမ္ဘာမြေဆီမှ အပင်ပန်းခံသယ်ယူရန် မလိုအပ်တော့သည့်အတွက် ဖြစ်ပါသည်။

မကြာသေးခင်က တရုတ်နိုင်ငံ၏ အာကာသ အေဂျင်စီမှ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့် Chang'e-5 မစ်ရှင်မှ လ၏ မြေသားနမူနာများကို ရယူနိုင်ခဲ့ကြပါသည်။ အဆိုပါမြေသားနမူနာများကိုစမ်းသပ်မှုအရ လ၏ မျက်နှာပြင်၌ ရေရှိနိုင်သည်ဟု သုံးသပ်ခဲ့ကြပါသည်။ အဆိုပါ သုံးသပ်ချက်ကို အခြေခံ၍ သိပ္ပံပညာရှင် များကလပေါ်၌ လူသားများ အခြေချနိုင်စေရန်အတွက် နည်းပညာများကို ဖန်တီးလာခြင်းဖြစ်ပါသည်။

ယခင်ကဖန်တီးခဲ့သည့် နည်းပညာများသည် လ၏မြေသားမှ ရေကို ထုတ်ယူနိုင်ရန်အတွက် စွမ်းအင်သုံးစွဲမှု မြင့်မားသည့် အဆင့်ပေါင်းများစွာ လိုအပ်သကဲ့သို့ လောင်စာဆီနှင့် အခြားမရှိမဖြစ် လိုအပ်ချက်များစွာအတွက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖြုန်ခွဲနိုင်ခြင်း မရှိခဲ့သေးပါ။

ယခုနောက်ဆုံး နည်းပညာမှာမူ ထိုကဲ့သို့ မဟုတ်ဘဲ ဟောင်ကောင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက နေမှအလင်းရောင်ကို အပူအဖြစ် ပြောင်းလဲပေးသည့် နည်းပညာမှတစ်ဆင့် လ၏မြေသားမှရေကို ထုတ်ယူပြီး အာကာသယာဉ်မှူးများရှူထုတ်လိုက်သည့် ကာဗွန်ဒိုင် အောက်ဆိုက်ကို ကာဗွန်မို နောက်ဆိုက်နှင့် ဟိုက်ဒရိုဂျင်အဖြစ် ပြောင်းလဲရန်အတွက် လ၏မြေသားမှ ရရှိသည့် ရေကိုအသုံးပြုခြင်းဖြစ်ပါသည်။ ပြောင်းလဲသွားသည့် ဓာတ်ငွေ့များကို အာကာသယာဉ်မှူးများ အသက်ရှူနိုင်စေမည့်အောက်ဆီဂျင်နှင့်အခြားသော လောင်စာများအတွက်အသုံးပြုနိုင်ပါသည်။

သိပ္ပံပညာရှင်များအနေဖြင့် ယခုကဲ့သို့ အောင်မြင်မှုရရှိသော်လည်း စိန်ခေါ်မှုတစ်ခုရှိနေပါသေးသည်။ ထိုစိန်ခေါ်မှုမှာ လ၏မြေသားမှာ တစ်နေရာနှင့်တစ်နေရာ ဖွဲ့စည်းပုံခြင်း မတူညီသည့်အတွက် အဆိုပါ ကွဲပြားခြားနားမှုကြောင့် နည်းပညာကို ထိရောက်စွာအသုံးချနိုင်စွမ်းနည်းပါးနိုင်ကြောင်း သိရှိရပါသည်။

Source: https://www.doca.gov.mm/en/node/48408

ဒေါ်ထက်ထက်လွင်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုံခြုံရေးဖိုရမ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့က ကမ္ဘာလုံးဆိုင်ရာအစီအစဉ်သစ်အတွက် အမြင်များကိုမျှဝေ

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဒေသတွင်း ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များအား ၎င်းတို့၏" **ကြီးမားသောဈေးကွက်**"ကို အကျိုးရှိရှိ အသုံးချရန် တိုက်တွန်းခဲ့ပြီး ရုရှားသမ္မတ ဗလာဒီမာ ပူတင်က အမေရိကန်ကို စိန်ခေါ်သည့် ကမ္ဘာ့လုံခြုံရေးနှင့် စီးပွားရေးစနစ်သစ် အတွက် သမ္မတရှီကျင့်ဖျင်၏ ရည်မှန်းချက်ကို ထောက်ခံကြောင်း ပြသခဲ့ပါသည်။

တရုတ်နိုင်ငံမြောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် တီယန်ကျင်းမြို့၌ နှစ်ရက် ကြာကျင်းပခဲ့ပြီး ကမ္ဘာ့ခေါင်းဆောင် ၂၀ ကျော် တက်ရောက်ခဲ့သည့် ထိပ်သီးအစည်း အဝေးတွင် သမ္မတ ရှီကျင့်ဖျင်က အဖွင့်မိန့်ခွန်း ပြောကြားရာ၌ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (SCO) သည် နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်အတွက် စံနမူနာ တစ်ခုဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

တန်းတူညီမျှပြီး စည်းစနစ်ကျသည့် ကမ္ဘာကြီး၏ ဗဟုဝါဒနှင့် အားလုံး ပါဝင်နိုင်သော စီးပွားရေးပေါင်းစည်းမှုကို ထောက်ခံအားပေးပြီး ပို၍တရားမျှတ သည့် ကမ္ဘာ့အုပ်ချုပ်မှုစနစ်ကို တည်ဆောက်ရန် မြှင့်တင်ရမည်ဟု သမ္မတရှီက ပြောကြားခဲ့ပါသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့မှု အဆင့်မြှင့် တင်ရန်အတွက် ကြီးမားသည့် ဈေးကွက်ကို အသုံးချရမည်ဟု သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့ပြီး ဒေသတွင်း အဖွဲ့အစည်းများအနေဖြင့် စွမ်းအင်၊ အခြေခံ အဆောက် အအုံ၊ သိပ္ပံနှင့်နည်းပညာ၊ ဉာဏ်ရည်တု အပါအဝင် နယ်ပယ်များတွင် ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန် တိုက်တွန်းခဲ့သည်။

ရုရှားသမ္မတပူတင်က အဆိုပါ အဖွဲ့သည် အပြန်အလှန်ပေးချေမှုများတွင် နိုင်ငံသုံးငွေကြေးများကိုပိုမိုအသုံးပြုလာခြင်း ဖြင့် စစ်မှန်သော ဘက်ပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ရေးကို ပြန်လည် အသက်သွင်း ခဲ့သည်ဟုပြောကြားခဲ့သည်။ ထို့ပြင် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးသည် ယူရေးရှား ဒေသတွင်တည်ငြိမ်မှုနှင့် လုံခြုံရေး စနစ်သစ် တစ်ခု ထူထောင်ရန်အတွက် နိုင်ငံရေးနှင့်



လူမှုစီးပွားရေးအခြေခံအုတ်မြစ်ကိုချပေးပြီးဥရောပဗဟို ပြုနှင့် ဥရောပ-အတ္တလန္တိတ် ပုံစံနှင့် မတူဘဲ များပြားကျယ်ပြန့်သော နိုင်ငံများ၏ အကျိုးစီးပွားကို အမှန်တကယ် ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ကိုယ်ပိုင် လုံခြုံရေးဆောင် ရွက်မှုသည်အခြားနိုင်ငံ လုံခြုံရေးအပေါ် အားနည်းချက် တစ်ရပ်ဖြစ်စေမည် မဟုတ် ကြောင်း သမ္မတပူတင်က ပြောကြားခဲ့ပါသည်။

အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီနှင့်ဗဟိုအာရှ၊ အရှေ့အလယ်ပိုင်း၊ တောင် အာရှနှင့်အရှေ့တောင်အာရှတို့မှ အခြားခေါင်းဆောင်များက ကမ္ဘာ့တောင်ပိုင်း နိုင်ငံ များ၏ စည်းလုံးညီညွတ်မှုကို အဓိကပြသသည့် အနေဖြင့် ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့သည်။လုံခြုံရေးကိုအဓိကထားသည့်ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့သည် ယူရေးရှား ခြောက်နိုင်ငံအဖွဲ့အဖြစ် စတင်ခဲ့ပြီး မကြာသေး မီနှစ်များ အတွင်း အမြဲတမ်းအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဆွေးနွေးဘက်နှင့် လေ့လာသူနိုင်ငံ ၁၆ နိုင်ငံ အထိ တိုးချဲ့ခဲ့သည်။

တရုတ်နိုင်ငံသမ္မတရှီသည်အဖွဲ့အစည်းမှ မိတ်ဖက်နိုင်ငံများအား“ **စစ်အေး ခေတ် စိတ်ဓာတ်နှင့် အုပ်စုလိုက် ရင်ဆိုင်တိုက်ခိုက်မှုကို ဆန့်ကျင်ရန်”** နှင့် ကဏ္ဍစုံ ကုန်သွယ်မှုစနစ်ကို ထောက်ခံရန် တောင်းဆိုခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် အိန္ဒိယကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှန်ခဲ့သည့် သတင်းပတ်က အခွန် ၅၀ ရာခိုင် နှုန်း ကောက်ခံခဲ့ပြီး မမျှတသည့် ဆောင်ရွက်မှုပြုလုပ်ခဲ့သော အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စစ်ပွဲကို ဝေဖန်ထောက်ပြလိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင် နိုင်ငံများအား ယွမ် ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၂၈၀) တန်ဖိုးရှိသည့် အကူအညီများကို ပေးမည်ဖြစ်ပြီး ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၏ ဘဏ် လုပ်ငန်းစုသို့ ယွမ် ၁၀ ဘီလီယံ ထပ်မံချေးငွေပေးမည်ဖြစ်ကြောင်း သမ္မတရှီက ထပ်လောင်းပြောကြားခဲ့သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေး နှင့် တစ်ဆက်တည်းပြုလုပ်ခဲ့သည့် အစီအစဉ်တစ်ခုတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရပ်စ်က ကမ္ဘာလုံးဆိုင်ရာ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ထိန်းသိမ်းရာ တွင် တရုတ်သည် **“အခြေခံကျသည့် ”** အခန်းကဏ္ဍမှ ပါဝင်သည်ဟု ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အိန္ဒိယနှင့်ဆက်ဆံရေး ပြန်လည်ကောင်းမွန် လာစေရန် အတွက်ထိပ်သီးအစည်းအဝေးကိုအခွင့်အရေးတစ်ခုအဖြစ်အသုံးချခဲ့သည်။ ခုနစ်နှစ် အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသို့ ရောက်ရှိနေသော သမ္မတ မိုဒီနှင့်

သမ္မတရှီတို့က ၎င်းတို့၏ နိုင်ငံများသည် ပြိုင်ဘက်နိုင်ငံများမဟုတ်ဘဲ ဖွံ့ဖြိုးမှု မိတ်ဖက်များဖြစ်သည်ဟု သဘောတူခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ အခွန် မသေချာမှုများကြားကုန်သွယ်ရေးဆက်ဆံမှုများကိုတိုးတက်စေမည့်နည်းလမ်းများကိုဆွေးနွေးခဲ့ကြသည်။

Source: https://www.reuters.com/world/china/chinas-xi-russias-putin-share-vision-new-global-order-security-forum-2025-09-01/

ဒေါ်အေးအေးငြိမ်း
ဒုတိယဦးစီးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## ဂျပန်အစိုးရအနေဖြင့် ယန်းငွေအခြေပြု Stablecoin ကို ပထမဆုံးအကြိမ်အဖြစ် သုံးစွဲခွင့်ပြုသွားမည်

နိုင်ငံတကာသို့ ငွေလွှဲပြောင်းပေးပို့နိုင်ရေးနှင့် အခြားသော ငွေလွှဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ဘဏ္ဍာရေးဝန်ဆောင်မှု အေဂျင်စီအနေဖြင့် ယန်းငွေအခြေပြုStablecoinအား ပထမဆုံးအကြိမ် နိုဝင်ဘာလမှစတင်၍ထုတ်ဝေသုံးစွဲခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၁၈-၈-၂၀၂၅ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် **“Japan to greenlight first yen-based stablecoin”** ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းတွင် တိုကျိုအခြေစိုက် ဘဏ္ဍာရေးကုမ္ပဏီ JPYC အနေဖြင့် ငွေလွှဲ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် ဂျပန်ဘဏ္ဍာရေး ဝန်ဆောင်မှု အေဂျင်စီထံ နိုဝင်ဘာလအတွင်း မှတ်ပုံတင်သွား မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ္ဍာရေး ဈေးကွက်တွင် ဒေါ်လာအခြေပြု Stablecoin သုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံအထိရှိခဲ့ကြောင်း၊ Stablecoin များသည် Blockchain နည်းပညာကို အခြေခံထားပြီး၊ Coin တစ်ခုစီ၏ တန်ဖိုးကို ဒေါ်လာကဲ့သို့သော ငွေကြေးတန်ဖိုးများ သတ်မှတ်ထားကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ဂျပန်နိုင်ငံ၌ ဥပဒေပြင်ဆင်ကာ Stablecoin များကို ငွေကြေးအမျိုး အစားအပေါ် မူတည်သည့် ပိုင်ဆိုင်မှုများ (Currency-denominated Assets) အဖြစ်သတ်မှတ်ခဲ့ပြီး ဘဏ်များ၊ အာမခံ

ကုမ္ပဏီများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ဖော်ပြထားပါသည်။

ယန်းငွေအခြေပြု Stablecoin ကို JPYC ဟု အမည်ပေးသွားမည်ဖြစ်ပြီး၊ Stablecoin ၁ ခုလျှင် ယန်းငွေတန်ဖိုး ပုံသေသတ်မှတ်ပေးသွားမည်ဖြစ်ပြီး၊ အဆိုပါငွေကြေးများကို လိုင်စင်ရ ဘဏ္ဍာရေးကုမ္ပဏီအနေဖြင့် အပ်နှံငွေနှင့် အစိုးရငွေချေးစာချုပ်များကဲ့သို့ ထိန်းသိမ်း ပေးထားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးကုမ္ပဏီ JPYC အနေဖြင့် ဂျပန်ဘဏ္ဍာရေး ဝန်ဆောင်မှုအေဂျင်စီထံ ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ရန် မှတ်ပုံတင်ပြီးပါက Stablecoinများကို စတင်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။



JPYC Stablecoin အသစ်ကို အသုံးပြုလိုသူများ အနေဖြင့် Stablecoin ဝယ်ယူခွင့်လျှောက်ထားရမည်ဖြစ်ပြီး၊ ဝယ်ယူခွင့်ရရှိပါက ဝယ်ယူလိုသည့် Stablecoin နှင့် ညီမျှသည့် ယန်းငွေကို ငွေလွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း နှင့် ငွေလွှဲ ပြောင်းပေးပို့ပြီးပါက Electronic Wallets ထဲသို့ Stablecoin များလွှဲပြောင်း ပေးသွားမည်ဖြစ်ကြောင်း၊ ထို့နောက် Stablecoinများအသုံးပြု၍ ပြည်ပနိုင်ငံများတွင် ပညာသင်ကြားနေသော ကျောင်းသားများထံ ငွေလွှဲခြင်း၊ လုပ်ငန်းအတွက် ငွေပေးချေမှုများ ဆောင်ရွက်ခြင်း နှင့် Blockchain အခြေပြု ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

JPYCကုမ္ပဏီအနေဖြင့် ၃ နှစ်အတွင်း ယန်း ၁ ထရီလီယံယန်း(အမေရိကန်ဒေါ်လာ ၆.၈၁ ဘီလီယံ) နှင့်ညီမျှသော JPYC Stablecoin များ ထုတ်ရောင်းနိုင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင်ခရစ်တို ငွေကြေးတွင် ရင်းနှီးမြှုပ်နှံထားသည့် ဘဏ္ဍာရေးလုပ်ငန်း အများအပြားအနေဖြင့် JPYC Stablecoin များကို စိတ်ဝင်စားလျက်ရှိကြပြီး၊ အထူးသဖြင့် ကုန်သွယ်မှုတွင် အသုံးပြုလိုကြပြီး၊ ငွေလဲလှယ်နှုန်း အပြောင်းအလဲမှတစ်ဆင့် အမြတ်ရရှိလိုကြကြောင်း ဖော်ပြထားပါသည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ အမေရိကန်ကုမ္ပဏီများဖြစ်သော Tether မှထုတ်လုပ်သည့် USDT နှင့် Circle Internet Financial Ltd. မှ ထုတ်လုပ်သည့် USDC ကဲ့သို့သော ဒေါ်လာအခြေပြု Stablecoin များကိုသာ အသုံးပြုလျက်ရှိကြကြောင်း၊ အမေရိကန် ဘဏ္ဍာရေးကုမ္ပဏီ Citigroup အနေဖြင့် Stablecoin များ၏

ဈေးကွက်မှာ ၂၀၃၀ ပြည့်နှစ်တွင် ၁၀ ဆကျော် တိုးတက်လာနိုင်ပြီး၊ အမေရိကန်ဒေါ်လာ ၃.၇ ထရီလီယံအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်းဖော်ပြထားပါသည်။

Source: https://myantrade.gov.mm/article/STP(Ygn)_31082025_19:07

ဒေါ်ရီရီမွန်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ရုရှားနိုင်ငံနှင့် ဥရောပနိုင်ငံတို့အတွက် မော်ဒိုဗာနိုင်ငံငယ်လေး၏ အရေးပါမှု

မော်ဒိုဗာနိုင်ငံသည်၁၉၉၁ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုထံမှလွတ်လပ်ရေးရရှိခဲ့သည့်အချိန်မှစတင်၍ရုရှားနိုင်ငံအနေဖြင့် ဟန့်တား လိုသော်လည်း ဥရောပတွင် ကိုယ်ပိုင်လမ်းကြောင်းကို ရှာဖွေနိုင်ခဲ့ပြီး အဆိုပါ ဥရောပ အရှေ့ပိုင်း နိုင်ငံငယ်လေးသည် သိသာထင်ရှားလာခဲ့သည်။



ဥရောပသမဂ္ဂနှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရိုမေးနီးယားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၏ နိုင်ငံနယ်နိမိတ် ကြားတွင်ရှိသော မော်ဒိုဗာသမ္မတနိုင်ငံတွင် ရုရှားလိုလားသူများနှင့် ဥရောပသမဂ္ဂလိုလားသူများ နှစ်ဖက် စလုံးသည် အင်အားကြီးမားနေသည်။ ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ မော်ဒိုဗာနိုင်ငံအပေါ် စိတ်ဝင်စားမှု မြင့်မားခဲ့ကြပြီးသတင်းများတွင်မကြာခဏဖော်ပြ ခြင်းခံခဲ့ရသည်။

မော်ဒိုဗာနိုင်ငံသည် ယူကရိန်းနိုင်ငံ၏ အနောက်တောင်ဘက်နယ်စပ်တွင် တည်ရှိသော နိုင်ငံငယ်လေးဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ နွေဦးပိုင်းတွင် ရုရှားနိုင်ငံသည် ကျူးကျော်သိမ်းပိုက်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ မော်ဒိုဗာနိုင်ငံကို သိမ်းပိုက်နိုင်မည်ဆိုပါက ယူကရိန်းနိုင်ငံအတွက် ဒုတိယစစ်မျက်နှာစာ ဖြစ်လာနိုင်ပြီး ရုရှားနိုင်ငံသည် ဥရောပသမဂ္ဂနှင့် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများ၏ အရှေ့တောင်ဘက်နယ်စပ်အထိ ရောက်ရှိလာနိုင်သည်။

ထိုအချိန်မှစ၍ ဂျာမနီနိုင်ငံနှင့် ဥရောပနိုင်ငံများမှ နိုင်ငံရေးသမားများသည်

မော်ဒိုဗာနိုင်ငံကို ယခင်ထက် ပိုမို အာရုံစိုက်လာကြသည်။ ဥရောပသမဂ္ဂနိုင်ငံများသည် ၎င်းတို့၏ စည်းလုံးညီညွတ်မှုကို ပြသသည့်အနေဖြင့် ယူကရိန်းနိုင်ငံနှင့် မော်ဒိုဗာသမ္မတနိုင်ငံတို့ကို ဥရောပသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရေးအတွက် ကိုယ်စားလှယ်လောင်းနိုင်ငံအဆင့်ကို ၂၀၂၂ ခုနှစ် ဇွန်လတွင် ခွင့်ပြုခဲ့သည်။ ဥရောပနိုင်ငံများအပြင် ဂျာမနီနိုင်ငံသည် မော်ဒိုဗာကို စစ်ရေးထောက်ပံ့ပေးလျက်ရှိသည်။

မော်ဒိုဗာနိုင်ငံသည် ဩဂုတ်လ ၂၇ ရက်နေ့တွင် ၎င်း၏ ၃၄ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကိုကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဂျာမန်အကြီးအကဲ Friedrich Merz၊ ပြင်သစ်နိုင်ငံ၏ သမ္မတ Emmaunel Macronနှင့် ပိုလန်နိုင်ငံ၏ဝန်ကြီးချုပ် Donald Tusk တို့တက်ရောက်၍ ဂုဏ်ပြုခဲ့သည်။

Source:https://www.dw.com/en/why-tiny-moldova-is-so-important-to-russia-and-europe/a-73775763

ဒေါ် သစ်သစ်စံ
ဒုတိယဦးစီးမှူး
ဥရောပ၊ ဩစတြေးလျနှင့် အာဖရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးစာချုပ် လျင်မြန်စွာ ဆန်းစစ်ရန် အင်ဒိုနီးရှားတိုက်တွန်း



အင်ဒိုနီးရှား အစိုးရသည် ပိုမိုကျစ်လစ်ပြည့်စုံရန်၊ ပွင့်လင်းမြင်သာရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ အကျိုးအမြတ်ရရှိရန် ပြုလုပ်မည့် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် (ASEAN-India Trade in Goods Agreement-AITIGA) ပြန်လည်ဆန်းစစ်မှုကို လျှင်မြန်စွာ အပြီးသတ်ရန် တောင်းဆိုခဲ့ကြောင်း သိရှိရပါ သည်။၎င်းကို အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ဂျကာတာမြို့တွင်ကျင်းပသည့် အစည်းအဝေးတွင် အင်ဒိုနီးရှားဒုတိယကုန်သွယ်ရေးဝန်ကြီး Dyah Roro Esti က ပြောကြားခဲ့ပါကြောင်း သိရှိရပါသည်။

အစည်းအဝေးသည် မဖြေရှင်းရသေးသည့် ကိစ္စရပ်များကို အိန္ဒိယနှင့်အတူ

ဖြေရှင်းရန်ဗျူဟာမြောက် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်းနှင့် နှစ်ဖက်စလုံးအတွက် ညီတူညီမျှ အကျိုးအမြတ်ရှိမည့် အဓိပ္ပါယ်ရှိသော ရလဒ်များ ထွက်ရှိခဲ့ကြောင်း သိရှိရပါသည်။ Esti က အာဆီယံ စီးပွားရေးဝန်ကြီးများသည် ပြန်လည်ဆန်းစစ်မှုကို ၂၀၂၅ခုနှစ်ကုန်တွင် ပြီးမြောက်ရန် ရည်မှန်းချက်နှင့်အတူ ဆွေးနွေးမှုများမြန်ဆန်စွာ ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း၊ အရှေ့တောင်အာရှဒေသသို့ ကြီးမားသော အကျိုးကျေးဇူးများ ရရှိရန် အာဆီယံနိုင်ငံများနှင့် အိန္ဒိယတို့အကြား ကုန်သွယ်ရေး ဆက်ဆံမှု မြှင့်တင်ခြင်းသည် အရေးပါကြောင်းနှင့် AITIGA အကောင်အထည်ဖော်ခြင်းသည် အင်ဒိုနီးရှား စီးပွားရေး လုပ်ငန်းရှင်များအတွက် ဒေသဆိုင်ရာကုန်သွယ်မှု ဂေဟစနစ်တွင် ပိုမိုပူးပေါင်းပါဝင်နိုင်ရန် ကျယ်ပြန့်သော အခွင့်အလမ်းများကို တံခါးဖွင့်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနထံမှ အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံအပြန် အလှန် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉.၁၈ ဘီလီယံရှိပြီး အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ၂၂.၅ ဘီလီယံတန်ဖိုး တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ အိန္ဒိယသို့ အင်ဒိုနီးရှား၏ ထိပ်တန်း ပို့ကုန်များတွင် ကျောက်မီးသွေး၊ စားအုန်းဆီ၊ စတီးလ်နှင့် စတီးလ်သတ္တုရိုင်းတို့ ပါဝင်ကြောင်း သိရှိရပါသည်။

Source: https://www.doca.gov.mm/en/node/49774

ဒေါ်ထက်ထက်လွင်
ဒုတိယဦးစီးမှူး
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## အကောက်ခွန်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ အကြားမှပင် ထိုင်ဝမ်၏ ပို့ကုန်တင်ပို့မှုမှာ စံချိန်တင်နိုင်ခဲ့

ထိုင်ဝမ်သည် ပို့ကုန်များကို တစ်လအတွင်း စံချိန်တင် အမေရိကန်ဒေါ်လာ ၅၈.၈ ဘီလီယံတန်ဖိုးအထိ တင်ပို့နိုင်ခဲ့ပြီး ထိုသို့ တင်ပို့နိုင်မှုမှာ အမေရိကန်၏ အကောက်ခွန် အသစ် များချမှတ်ထားသည့်ကြားမှပင် ထိုင်ဝမ်၏နည်းပညာ ဆိုင်ရာ ပစ္စည်းများကို ဝယ်လိုအားများ ရှိနေသေး ကြောင်း ပြသနေခြင်းဖြစ်ပါသည်။




ထိုင်ဝမ် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အင်္ဂါနေ့မှ ထုတ်ပြန်ချက်အရ ပြည်ပသို့ စုစုပေါင်းတင်ပို့မှုများမှာ လွန်ခဲ့သောနှစ် ဩဂုတ်လကထက် ၃၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဇူလိုင်လတွင် ၄၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အမေရိကန်သည် ဩဂုတ်လ ၇ ရက်မှစ၍ ထိုင်ဝမ်အတွက် အကောက်ခွန်နှုန်းထားကို ၂၀ ရာခိုင်နှုန်း သတ်မှတ်ပေးခဲ့ပြီး ဒေသတွင်း ပြိုင်ဘက်နိုင်ငံများဖြစ်သော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကို ကောက်ခံသော နှုန်းထားထက် ပိုမိုများပြားနေခဲ့သော်လည်း ထိုင်ဝမ်၏ အမေရိကန်နှင့် ကုန်သွယ်ရေး အသားတင်ပိုလျှံမှုသည် ခုနစ်လအတွင်း ပြီးခဲ့သောတစ်နှစ်တာ၏ စံချိန်ကိုကျော်လွန်သွားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ကုန်သွယ်ရေး အသားတင်ပိုလျှံမှုသည် တစ်နှစ်တာအတွက် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်အထိ ရောက်ရှိလာမည်ဟု မျှော်မှန်းထားသည်ဟု ဆိုပါသည်။

ထိုင်ဝမ်၏ ပို့ကုန်အများစုဖြစ်သော ဆီမီကွန်ဒတ်တာကဲ့သို့ ပစ္စည်းများမှာ အခွန်ကင်းလွတ်ခွင့် ရရှိထားသော်လည်း Donald Trump မှ ချစ်ပ်တင်သွင်းမှုများအတွက် မကြာခင် အခွန်စည်းကြပ်မည်ဖြစ်ကြောင်း ပြီးခဲ့သောအပတ်က ပြောကြားထားခဲ့ပါသည်။ ထိုင်ဝမ် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်ပစ္စည်းများကို ကြိုတင် ဝယ်ယူမှုလျော့ကျခဲ့သော်လည်း AI နှင့် ကွန်ပျူတာဆိုင်ရာ ဝယ်လိုအားသည် မျှော်လင့်ထားသည်ထက်ပင် ကျော်လွန်နေခဲ့ပြီး တစ်လအတွင်း ပို့ကုန်တင်ပို့မှုသည် ပထမဆုံးအကြိမ်အဖြစ် တောင်ကိုရီးယားနိုင်ငံကို ကျော်လွန်သွားခဲ့ကြောင်း၊ သွင်းကုန်များမှာလည်း ဩဂုတ်လအတွင်း ၃၀ ရာခိုင်နှုန်းနီးပါး တိုးတက်ခဲ့သောကြောင့် ကုန်သွယ်ရေးအသားတင်ပိုလျှံမှုသည် အမေရိကန်ဒေါ်လာ ၁၆.၈ ဘီလီယံအထိရှိခဲ့ကြောင်း၊ နိုင်ငံ၏စက်တင်ဘာလအတွက် ပို့ကုန် စုစုပေါင်းမှာ ၃၆ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်မှန်းထားကြောင်းနှင့် တတိယသုံးလပတ်တွင် ၃၅ ရာခိုင်နှုန်းမှ ၃၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တု တိုးတက်မှုကြောင့် နည်းပညာပို့ကုန်များ ဝယ်လိုအားများပြားလာခြင်းနှင့် အကောက်ခွန်များ မချမှတ်ခင်က ကုမ္ပဏီများမှ ကုန်ပစ္စည်းများ ကြိုတင် ဝယ်ယူခဲ့ခြင်းတို့ကြောင့် ထိုင်ဝမ်သည် ယခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ခဲ့ပါသည်။ ထိုင်ဝမ်အစိုးရသည် အကောက်ခွန်နှုန်းများ ထပ်မံလျှော့ချနိုင်ရေးအတွက် အမေရိကန်နှင့် ဆက်လက်ညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source https://www.bloomberg.com/news/articles/2025-09-09/taiwan-s-exports-hit-monthly-record-despite-worries-over-tariffs

ဒေါ်ဆုရွှန်းလဲ့ခင်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

**အရှေ့တောင်အာရှနိုင်ငံများအတွက် စိမ်းလန်းစိုပြေရေး ဘဏ္ဍာရေးမူဝါဒများ အကောင်အထည်ဖော်နိုင်ရန် ထောက်ပံ့မှုများ လိုအပ်လျက်ရှိ**

အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးမှု နည်းပါးသော နိုင်ငံများသည် ရာသီဥတု ခြိမ်းခြောက်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ စိမ်းလန်းသော ဗဟိုဘဏ် မူဝါဒများ ချမှတ်ရန် လိုအပ်ကြောင်းကို ကောင်းစွာ သိရှိ နားလည်ကြသော်လည်း ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် ပိုမိုချမ်းသာသော အိမ်နီးချင်းနိုင်ငံများ အပါအဝင် ပံ့ပိုး ကူညီမှုများ လိုအပ်လျက်ရှိပါသည်။




ပထမဆုံးအကြိမ်အဖြစ် ထုတ်ပြန်ခဲ့သော **"အရှေ့နှင့် အရှေ့တောင်အာရှ စိမ်းလန်းသော ဗဟိုဘဏ်ဆိုင်ရာ အမှတ်ပေးဇယား"** (East and Southeast Asia Green Central Banking Scorecard) သည် ဒေသတွင်းရှိ Green Monetary နှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း မူဝါဒများကို လေ့လာဆန်းစစ်ခဲ့ပြီး အာဆီယံ (Asean) အဖွဲ့ဝင်နိုင်ငံများ အနက် ပိုမိုဆင်းရဲသော နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့သည် စိမ်းလန်းသော ဗဟိုဘဏ်မူဝါဒများကို စတင်အကောင်အထည်ဖော်ရန်အတွက် အစောပိုင်းအဆင့်တွင်သာ ရှိနေသေးကြောင်း ဖော်ပြထားပါသည်။

အဆိုပါအစီရင်ခံစာတွင် **"ဤနိုင်ငံအများအပြားသည် သဘာဝဘေးဒဏ်နှင့် အသတ်များ ပိုမိုရင်ဆိုင်နေရပြီး လူမှုရေးအကျပ်အတည်းများလည်း ရှိနေသည်"** ဟု ဖော်ပြထားပါသည်။ ထို့အပြင် အဆိုပါနိုင်ငံများသည် သမိုင်းကြောင်းအရ **"ကိုလိုနီစနစ်ကို ကြာရှည်စွာ ကျင့်သုံးခံခဲ့ရပြီး ဒေသတွင်းပဋိပက္ခများ၊ စစ်ပွဲများလည်း**

**ကြုံတွေ့ခဲ့ရသဖြင့် ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်”** ဟု ဖော်ပြထားပါသည်။

Asean+3 Macroeconomic Research Office မှ နည်းပညာဆိုင်ရာ အကူအညီပေးရေး အဖွဲ့ခေါင်းဆောင် Durrani က အဆိုပါနိုင်ငံများသည် ရာသီဥတု အန္တရာယ်များနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် လိုအပ်သည်ကို သတိပြုမိကြပြီး စိမ်းလန်းသော အရင်းအမြစ် ရှာဖွေမှု (Green Procurement)၊ ရေရှည်တည်တံ့ ခိုင်မြဲမှုနှင့် ရာသီဥတုဆိုင်ရာဖိစီးမှုစမ်းသပ်မှု (Climate Stress Testing) ကဲ့သို့သော နယ်ပယ်များတွင် အကူအညီများ တောင်းခံလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနိုင်ငံများသည် ရာသီဥတု ဘေးအန္တရာယ်များဒဏ်ကိုခံစားနေကြရပြီး ၎င်းတို့၏ လူဦးရေ အများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများကို မှီခိုအားထားနေရပါသဖြင့် အဆိုပါကဏ္ဍများကို ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ ဒဏ်ခံခဲ့ရပါက သိသာထင်ရှားသည့် ဘဏ္ဍာရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟုလည်း Durrani က ထပ်မံ ပြောကြားခဲ့ပါသည်။

Keio University မှ စီးပွားရေးပါမောက္ခနှင့် အာရှဖွံ့ဖြိုးရေးဘဏ် အင်စတီကျု (Asian Development Bank Institute) မှ ရေရှည်တည်တံ့ခိုင်မြဲသော မူဝါဒများ ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဖြစ်သူ Sayuri Shirai က အဆိုပါနိုင်ငံများရှိ ဘဏ္ဍာရေး မူဝါဒချမှတ်သူများအနေဖြင့် အခြား ကဏ္ဍများထက် ဘဏ္ဍာရေးတည်ငြိမ်မှုကို ပိုမို အလေးထားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် နိုင်ငံတကာ ရေရှည်တည်တံ့မှု စံနှုန်းများ ဘုတ်အဖွဲ့ (International Sustainability Standards Board) မှ ထုတ်ပြန်ထားသည့် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံမှု စံချိန်စံညွှန်းများကို လက်ခံကျင့်သုံးရန် ဆန္ဒရှိကြသော်လည်း ကုမ္ပဏီများတွင် စွမ်းဆောင်ရည် အားနည်းချက်များကြောင့် ယင်းစံနှုန်းများကို ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအတွင်း လက်ခံကျင့် သုံးနိုင်ရန် ခက်ခဲလျက် ရှိပါကြောင်း Sayuri Shirai က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

**“စီးပွားရေးအခြေအနေကို ကြည့်မယ်ဆိုရင် ကုမ္ပဏီတွေက ကာဗွန်ထုတ်လွှတ်မှုတွေကို တစ်ခါမှ တွက်ချက်မှုမလုပ်ဖူးတဲ့အပြင် ဒီလိုထုတ်ဖော်ပြောဆိုဖို့အတွက်လည်းအလေ့အကျင့်မရှိသေးတာကြောင့်ဒီလိုအပ်ချက်တွေကိုဘယ်လောက်ထိအကောင်အထည်ဖော် နိုင်မလဲဆိုတာ မရှင်းလင်းပါဘူး။ ကုမ္ပဏီတွေ အနေနဲ့ ဘာကြောင့်ဖော်ပြထုတ်ပြန်ရတယ်ဆိုတာကို နားလည်ရမှာဖြစ်ပြီး ဘယ်လို အကျိုး**

**ကျေးဇူးတွေ ရနိုင်မလဲဆိုတာကိုလည်းနားလည်ဖို့ လိုအပ်ပါတယ်”** ဟု ၎င်းကပင် ထပ်လောင်းပြောကြားခဲ့ပါသည်။

Positive Money အဖွဲ့ကလည်း ဤနိုင်ငံများသည် ၎င်းတို့၏ အိမ်နီးချင်းနိုင်ငံများထံမှ ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိပါကြောင်း၊ အထူးသဖြင့် အမေရိကန်သမ္မတ Donald Trump မှ ချမှတ်ထားသည့် အခွန်အကောက်အသစ်များကြောင့် ဖြစ်သည်ဟုပြောကြားခဲ့ပြီး ယခင် ကိုလိုနီနယ်ချဲ့ခဲ့သော နိုင်ငံများထံမှလည်း ပြန်လည်ကူညီထောက်ပံ့မှုများ (reparations) ပေးအပ်သင့်ကြောင်း ပြောကြားခဲ့ပါသည်။ အထူးသဖြင့် အမေရိကန် ပြည်ထောင်စုနှင့် စီးပွားရေးဆက်ဆံမှုများ လျော့နည်းလာနိုင်ခြေရှိသောကြောင့် အာဆီယံနိုင်ငံများအနေဖြင့် ၎င်းတို့၏ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန် အကျိုးကျေးဇူးရှိသော စီးပွားရေး ဆက်ဆံရေးများပိုမိုဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းရှိကြောင်းနှင့် အဆိုပါ အားကောင်းလာသည့် ဆက်ဆံရေးနှင့် ပံ့ပိုးမှုများသည် စိမ်းလန်းသောဘဏ္ဍာရေးကဏ္ဍအထိပါ တိုးချဲ့သင့်သည်ဟုလည်းပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံသည် ဒေသတွင်းရှိ အခြားနိုင်ငံများအား ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အချက်အလက်များ စုဆောင်းရာတွင် အချိန်အတော်ကြာ ကြာမြင့်စွာကတည်းက ကူညီထောက်ပံ့ပေး လျက်ရှိပါကြောင်း Sayuri Shirai ထောက်ပြခဲ့ပါသည်။

Durrani ကလည်း တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်ကဲ့သို့သော နိုင်ငံများအတွက် ရာသီဥတုရေရှည်တည်တံ့မှု၊ ဘေးအန္တရာယ် အာမခံ၊ စီးပွားရေးကို စိမ်းလန်းလာ စေရေးနှင့် အဖွဲ့အစည်းများအား ရေရှည်တည်တံ့မှုဆိုင်ရာ စာရင်းအင်းစံနှုန်းများ ပြည့်မီစေရေးအတွက် နည်းပညာ အကူအညီများ ပေးအပ်ရန် ရန်ပုံငွေ ထောက်ပံ့နေကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်ကဲ့သို့သော နိုင်ငံများအတွက် ရာသီဥတု ရေရှည်တည်တံ့မှုဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ အာမခံချက်များ၊ Green Economy အသွင်ပြောင်းလဲခြင်းနှင့် စီးပွားရေးအဖွဲ့အစည်းများအား ရေရှည်တည်တံ့မှုဆိုင်ရာ စံချိန်စံနှုန်းများ ပြည့်မီစေရေးအတွက် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က နည်းပညာ အကူအညီများ ပေးအပ်ရန် ရန်ပုံ

ငွေများထောက်ပံ့ပေးလျက်ရှိပါကြောင်း Durrani က ပြောကြားခဲ့ပါသည်။

Source: https://greencentralbanking.com/2025/09/11/poorer-asean-countries-need-support-to-green-financial-policies/

ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

**EV ကားသုံးစွဲမှုများပြားလာသောအခါ Ford သည် ကြီးမားပြီး ခေတ်ငွေ့စွမ်းအင်သုံး SUV ကားဖြင့် တောက်ပလာခြင်း**

Detroit မော်တော်ကားထုတ်လုပ်သူသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် Expedition ကား ၈,၇၂၄ စီး ရောင်းချခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လထက် ၅၃.၇ % တိုးတက်ခဲ့ပါကြောင်းနှင့် အဆိုပါ ရောင်းအားသည် ၂၁ နှစ် အတွင်း ရောင်းအား အကောင်းဆုံးဖြစ်ခဲ့ကြောင်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် (ဗုဒ္ဓဟူးနေ့) တွင် အစီရင်ခံခဲ့ပါသည်။ယခုနှစ်အထိ ကားအစီးရေ ၆၁,၀၂၂ ရောင်းချခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၁၃.၁% တိုးလာခဲ့ပါသည်။



Expedition ကားသည် Ford ကား အရောင်းစုစုပေါင်းထက် ရောင်းအား ပိုမိုမြင့်တက်နေပြီး ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ရောင်းအားသည် ယခင်နှစ်ကုမ္ပဏီ၏ စုစုပေါင်း ဩဂုတ်လ ရောင်းအားထက် ၃.၉% မြင့်တက်ခဲ့ပါသည်။

Expedition ကားသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် ရောင်းအား၏ ၅ % ခန့်သာ ရရှိခဲ့သော်လည်း ၁၀ စုနှစ်တစ်စုအတွင်း Ford ၏ အဓိက အမြတ် ဝင်ငွေရရှိသည့် မော်တော်ကားများမှာ ထရပ်ကားများနှင့် SUV ကားများဖြစ်ပါသည်။

၎င်းတွင် သမားရိုးကျ အတွင်းပိုင်းလောင်ကျွမ်းသည့် အင်ဂျင်ပါရှိပြီး ယခုနှစ်အတွင်း လျှပ်စစ်ကားရောင်းချမှု မြင့်တက်လာသော်လည်း သုံးစွဲသူများသည် ခေတ်ငွေ့ စွမ်းအင်သုံး မော်တော်ယာဉ်များကို စိတ်ဝင်စားနေဆဲဖြစ်ပါသည်။

ဝယ်ယူသူများသည် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို လျှော့ချရန်နှင့် အခွန် ပြန်အမ်းငွေများ တိုးမြှင့်ရရှိရန် ယခုလကုန်တွင် ပြည်ထောင်စုအစိုးရ၏

အခွန်လျှော့ပေးမှု အစီအစဉ် မပြီးဆုံးမီ EV ကားများကို ပိုမိုဝယ်ယူရန် လုပ်ဆောင်နေကြသည်။ ယခင်နှစ်ကဲ့သို့ EV ကားရောင်းအားသည် ၁၉.၃ % တက်လာသောကြောင့် Ford ၏ ရောင်းအားသည်လည်း ယခင်နှစ်ထက် တိုးတက်လျက်ရှိပါသည်။ Wall Street မှ ကျွမ်းကျင်သူများက EV ကားအရောင်းသည် အခွန်လျှော့ပေါ့ပေးမှု အစီအစဉ် ကုန်ဆုံးပြီးချိန် ယခုနှစ်ကုန်၌ ကျဆင်းမည်ဟု ခန့်မှန်းကြပါသည်။

Ford ၏ မြို့တွင်း ပြိုင်ဖက်ဖြစ်သော General Motors မှလည်း ဩဂုတ်လတွင် ရောင်းအား စံချိန်တင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

Ford ၏ မြောက်အမေရိက ထုတ်ကုန် ဆက်သွယ်ရေး ဒါရိုက်တာ Mark Levine က EV ကားများကို လူအများ စိတ်ဝင်စားမှု အများအပြား ရှိကြောင်းနှင့် မိသားစုများသည် Expedition ကားကဲ့သို့ ပိုမိုကျယ်ဝန်းသော မော်တော်ကားများကို စိတ်ဝင်စားကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် Ford သည် ၎င်း၏ လုပ်ငန်းအစိတ်အပိုင်းဖြစ်သည့် **“Model e”** ဟုခေါ်သောလျှပ်စစ်ကားလုပ်ငန်းရှိသော်လည်း ကုမ္ပဏီသည်လျှပ်စစ်အကူးအပြောင်းတွင် ၎င်း၏ပြိုင်ဖက်အချို့ကဲ့သို့ စိတ်အားထက်သန်မှုမရှိခဲ့ပေ။လွန်ခဲ့သည့်တစ်နှစ်ခန့်က စီစဉ်ခဲ့သည့် သုံးတန်းထိုင် အကြီးစားလျှပ်စစ် SUV ကားထုတ်လုပ်ရန် အစီအစဉ်များကို ဖျက်သိမ်းခဲ့ပြီး ဟိုက်ဘရစ်မော်ဒယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့ပါသည်။

**“အကောင်းဆုံး နည်းလမ်းအနေဖြင့် EV ကားများအားလုံးကို အပြည့်အဝ ထုတ်လုပ်နေသော ကျွန်ုပ်တို့၏ ပြိုင်ဘက်များကို အားပေးရမည်”** ဟု Ford အမှုဆောင်အရာရှိချုပ် Jim Farley က ၂၀၂၅ ခုနှစ်၊ ဇူလိုင်လကုန်တွင် ကျင်းပသည့် ကုမ္ပဏီ၏ နောက်ဆုံးရဝင်ငွေဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

သို့သော် အချို့သုံးစွဲသူများသည်ကြီးမားသော မော်တော်ကားများကိုသုံးစွဲရန် ဆန္ဒရှိနေဆဲဖြစ်ပါသည်။ Expedition ကား၏ ရေပန်းအစားဆုံး မော်ဒယ်များကို ဒေါ်လာ၇၄, ၀၀၀ဝန်းကျင်ဖြင့်စတင်ရောင်းချနိုင်မည်ဖြစ်ပြီး လူကြိုက်အများဆုံးနှင့် အမြင့်ဆုံး မော်ဒယ်များမှာ Platinum၊ Tremor နှင့် King Ranch တို့ဖြစ်ပါကြောင်း Ford မှ တာဝန်ရှိသူက ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင်ပြောကြားခဲ့ပါသည်။

ကားထုတ်လုပ်သူသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် Expedtion ကား၏ နောက်ဆုံး ထုတ်လုပ်သည့် မော်ဒယ်ကို ထုတ်ဖော်ပြသခဲ့ပြီး လွန်ခဲ့သည့် ငါးလခန့်က SUV ကားကို စတင် ရောင်းချခဲ့သည်။ ကုမ္ပဏီ၏ Kentucky Truck Plant တွင် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

Ford ၏ အဓိကပြိုင်ဖက်သည် GM ဖြစ်ပြီး Chevrolet Tahoe၊ Chevro-

let Suburban နှင့် GMC Yukon မော်တော်ကားများပါဝင်ပါသည်။ သို့သော် Stellantis မှ Jeep Wagoneer ကဲ့သို့သော ပြိုင်ဖက်အသစ်များအပြင် Kia နှင့် Hyundai မှ သုံးတန်းထိုင်အကြီးစား SUV ကားများသည်လည်း ဈေးကွက်သို့ ရောက်ရှိလာပါသည်။

Source: https://www.cnbc.com/2025/09/04/ford-expedition-sales-bright-spot.html

ဒေါ်ပြည့်ပြည့်ဖြိုး
ဒုတိယဦးစီးမှူး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## ထရမ့်၏ အခွန်တိုးမြှင့်မှု ဖိအားများကြားတွင် မိုဒီက အိန္ဒိယနိုင်ငံ၏ စီးပွားရေးအား အခွန် သက်သာခွင့်ပေး

အမေရိကန်နိုင်ငံ၏ အခွန်အခများကို ရင်ဆိုင်နေရသော်လည်း အိန္ဒိယ ဝန်ကြီးချုပ် နရင်ဒြာမိုဒီ၏ မကြာသေးမီက ထုတ်ပြန်ခဲ့သော အခွန်လျှော့ချမှုများကြောင့် အိန္ဒိယပြည်တွင်းဈေးကွက်သည် တနင်္လာနေ့တွင် အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ စတော့ဈေးကွက် အညွှန်းကိန်းများဖြစ်သည့် Nifty 50 အညွှန်းကိန်းသည် ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး BSE Sensex မှာ ၀.၈၄ ရာခိုင်နှုန်း တက်ခဲ့သည်။ ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာသည် ရူပီးငွေကြေးနှင့် ယှဉ်လျှင် ၀.၁၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။



လွတ်လပ်ရေးနေ့ မိန့်ခွန်းတွင် ဝန်ကြီးချုပ် နရင်ဒြာမိုဒီသည် ကိုယ့်အားကိုယ်ကိုးရန် တွန်းအားပေးခဲ့ပြီး ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများစွာကို အဆိုပြုခဲ့သည်။ ယခုအခါ နယူးဒေလီသည် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods and Services Tax - GST) စနစ်တွင် ပြောင်းလဲမှုများစွာ ပြုလုပ်ကာ ၅ ရာခိုင်နှုန်းနှင့် ၁၈ ရာခိုင်နှုန်း ဟူ၍ အခွန်နှုန်းထား နှစ်ခုထားရှိရန် စီစဉ်လျက်ရှိပြီး ယခင်က သတ်မှတ်ထားသော ၁၂ ရာခိုင်နှုန်းနှင့် ၂၈ ရာခိုင်နှုန်းသော အခွန်များကို ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း အစိုးရအရာရှိတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ Reuters သတင်းက သောကြာနေ့တွင် ဖော်ပြခဲ့ပါသည်။ ယင်းသတင်းကို ပြည်တွင်း မီဒီယာ

များကလည်း ဖော်ပြခဲ့ပါသည်။

ပြုပြင်ပြောင်းလဲမှုများသည် လိုက်နာဆောင်ရွက်မှုများကို ရိုးရှင်း စေရန်နှင့် အခွန်နှုန်းထားများကို လျှော့ချရန်နှင့် စီးပွားရေးတိုးတက်မှု ပိုမိုရရှိလာစေရန် အတွက် GSTမူဘောင်ကို ခေတ်မီစေရန် ပြုလုပ်ဖို့ရည်ရွယ်ကြောင်း၊ စက်မှုလုပ်ငန်း အမှုဆောင်အရာရှိများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးရန်အတွက် အခွန်နှုန်း ထားများကို အလွှာနှစ်ခုအဖြစ် ပြန်လည်သတ်မှတ်ခြင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (MSMEs) ၏ အခွန်ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးခြင်း၊ မရှိမဖြစ်လိုအပ်သောကုန်ပစ္စည်းများအပေါ် အခွန်ဖြတ်တောက်ခြင်း၊ နည်းပညာကို အခြေခံထားသော လုပ်ငန်းစဉ်များဖြစ်သည့်ကြိုတင်ဖြည့်ထားသော ပြန်ပေးငွေများ နှင့်ပိုမိုမြန်ဆန်သော ပြန်အမ်းငွေစနစ်များကို အသုံးပြုခြင်း အစရှိသောဆောင်ရွက် ချက်များအပြင် ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ အိမ်ရာနှင့် လူသုံးကုန်ပစ္စည်း လုပ်ငန်းများမှလည်း အကျိုးအမြတ်များ ရရှိနိုင်ကြောင်း India Brand Equity Foundation က ဖြည့်စွက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်းသည် မကြာသေးမီလများအတွင်း ရပ်တန့်နေပြီးနောက် အခွန်မူဝါဒ အသစ်များ၏ အကျိုးကျေးဇူးကို ရရှိနိုင်သည့် လုပ်ငန်းကဏ္ဍတစ်ခု ဖြစ်လာနိုင်သည်။ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ခရီးသည်တင် ယာဉ်များ ရောင်းအားသည် ၄.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ လေးနှစ်အတွင်း အနှေး ကွေးဆုံး တိုးတက်မှုနှုန်းဖြစ်သည်ဟု အိန္ဒိယ မော်တော်ယာဉ် ထုတ်လုပ်သူများ အသင်းက ဇန်နဝါရီလတွင် ပြောကြားခဲ့ကြောင်း Reuters က ဖော်ပြခဲ့သည်။

မော်တော်ယာဉ်ကဏ္ဍ၏ စတော့ရှယ်ယာများ မြင့်တက်လာခဲ့ပြီး Maruti Suzuki India ၏ စတော့ရှယ်ယာမှာ ၈.၇၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ Hyundai Motor India ၏ စတော့ရှယ်ယာသည် ၈.၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

Aberdeen မှ အာရှစတော့ရှယ်ယာအဖွဲ့ရှိ အကြီးတန်းရင်းနှီးမြှုပ်နှံမှု ဒါရိုက်တာ James Thom က CNBC ၏ **“Inside India on Monday”** အစီအစဉ်တွင် ယင်းကြေညာချက်သည် အပြုသဘောဆောင်ကြောင်း၊ မော်တော်ယာဉ် ကဏ္ဍသည် မကြာသေးမီက ရပ်တန့်နေခဲ့သောကြောင့် ယခု ပြန်လည် အင်အား ကောင်းလာသည်မှာ မထူးဆန်းပါကြောင်း ပြောကြားခဲ့သည်။

မိုဒီ၏ အခွန်ပြုပြင် ပြောင်းလဲမှုသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနိုင်ဖွယ်ရှိသည်။ အထူးသဖြင့် ဝါရှင်တန်မှ **“တန်ပြန်အခွန်များ”** ချမှတ်ပြီး ပထဝီဝင် နိုင်ငံရေး မရေရာမှုများ မြင့်တက်နေချိန်တွင် အိန္ဒိယ ဗဟိုဘဏ်က

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ၆.၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။ အထူးသဖြင့် နယူးဒေလီသည် ရုရှား ရေနံစိမ်းကို ဆက်လက် ဝယ်ယူနေခြင်းကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရ လက်ထက်တွင် အမေရိကန်၏ ပစ်မှတ်ထားခြင်းကို ခံခဲ့ရသည်။ ယင်းကြောင့် အမေရိကန်က အိန္ဒိယ သွင်းကုန်များအပေါ် နောက်ထပ် ၂၅ ရာခိုင်နှုန်း အခွန်စည်း ကြပ်ခဲ့ရာ စုစုပေါင်းအခွန်သည် ၅၀ ရာခိုင်နှုန်းအထိ ရောက်ရှိသွားခဲ့ပြီး ယခုလကုန် တွင် စတင်အကျိုးသက်ရောက်မည် ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားသုံးမှုအပေါ် အခြေခံသည့် နိုင်ငံတစ်ခု ဖြစ်ပြီး ပို့ကုန်သည် သေးငယ်သည့် အခန်းကဏ္ဍတွင်သာ ပါဝင်သောကြောင့် အခွန်ပြုပြင် ပြောင်းလဲမှုသည် အခွန်အခများ၏ သက်ရောက်မှုကို အများကြီး လျှော့ပါးစေနိုင် ကြောင်း Aberdeen မှ Thom က ပြောကြားခဲ့သည်။

GSTစနစ်ကို ပြောင်းလဲလိုက်ခြင်းသည် ယခုနှစ်နောက်ပိုင်းတွင် ပြည်တွင်း စားသုံးမှုအား ရေတို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီးပွား ရေးသည် ပြည်တွင်းစားသုံးမှုအပေါ် အလွန်အမင်း မှီခိုနေရသော်လည်း ပြည်တွင်း စားသုံးမှုသည် အချိန်အတော်ကြာ အားနည်းနေခဲ့သောကြောင့် ထိုအပြောင်းအလဲ သည် စီးပွားရေးကို အမှန်တကယ် တွန်းအားဖြစ်စေနိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ပြည်တွင်းစားသုံးမှုသည် ရင်းနှီးမြှုပ်နှံသူများ အနီးကပ်စောင့်ကြည့်နေသည့် အဓိက အညွှန်းကိန်း တစ်ခုဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် GDP ၏ ၆၁.၄ ရာခိုင်နှုန်းအထိ ပါဝင်မှုဖြင့် **"အိန္ဒိယနိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို ဖြစ်ပေါ်စေ သည့် အကြီးမားဆုံး တွန်းအား"** ဖြစ်ကြောင်း Deloitte က ဩဂုတ်လ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ထူးခြားချက်အနေဖြင့် မြို့ပြစားသုံးမှုနှင့် ဇိမ်ခံပစ္စည်းများအပေါ် ဦးစားပေး သုံးစွဲမှု ပြောင်းလဲလာခြင်းတို့သည် ဤအရွေ့၏ အဓိကမဏ္ဍိုင်များအဖြစ် ထွက်ပေါ် လာကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

India Ratings & Research ကလည်း ၂၀၂၆ ခုနှစ် မတ်လကုန်အထိ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယ၏ ပုဂ္ဂလိက စားသုံးမှုနှုန်းသည် နှစ်စဉ် ၆.၉ ရာခိုင်နှုန်း အထိ တိုးတက်လာမည်ဖြစ်ပြီး ယင်းကာလအတွင်း GDP တိုးတက်မှု ခန့်မှန်းချက် ၆.၃ ရာခိုင်နှုန်းထက် ကျော်လွန်မည်ဟု ခန့်မှန်းထားသည်။ ယင်းတိုးတက်မှုသည် လုပ်ခလစာတိုးမြှင့်မှု နည်းပါးခြင်း၊ အိမ်ထောင်စု စုဆောင်းငွေများ ကျဆင်းခြင်းနှင့်

ကိုယ်ပိုင်ချေးငွေများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်သည်။

ငွေကြေး ဖောင်းပွမှု သိသိသာသာ လျော့ကျသွားခြင်းသည် ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်း စားသုံးမှု တိုးတက်ရေးကို တည်ငြိမ်လာစေမည့် အလားအလာ ပိုမိုအားကောင်းစေကြောင်းလည်း ၎င်းက ဖြည့်စွက် ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လက်လီ ငွေကြေးဖောင်းပွမှုသည် ၂၀၁၇ ခုနှစ်မှ စတင်ကာ ဇန်နဝါရီလတွင် ၄.၃၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇူလိုင်လတွင် ၁.၅၅ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ပြီး အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။

Source; https://www.cnbc.com/2025/08/18/modi-gives-tax-boon-to-indias-economy-amid-trump-tariff-tensions.html

ဒေါ် မြတ်အိန္ဒြေခိုင်
ဦးစီးအရာရှိ
ပြည်တွင်း/ ပြည်ပ ဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## ထရန့်၏ အခွန်စည်းကြပ်မှု ထိုးနှက်ချက်ပြီးနောက် ဝယ်လိုအားကို မြှင့်တင်ရန် အိန္ဒိယနိုင်ငံက စားသုံးခွန် (Consumption Taxes) နှုန်းထားများကို လျှော့ချ

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ချမှတ်ထားသည့် ပြင်းထန်သော အခွန်နှုန်းထား သတ်မှတ်ချက်များကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နိုင်ရန်အတွက် ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ရန် ရည်ရွယ်၍ အိန္ဒိယနိုင်ငံ အနေဖြင့် ဆပ်ပြာမှစ၍ ကားငယ်များအထိ အသုံးအဆောင်ပစ္စည်းများနှင့် စားသုံးကုန်ပစ္စည်း အမျိုးအစားများစွာအပေါ် ကောက်ခံသည့် အခွန်ပမာဏ နှုန်းထားများအား လျှော့ချလိုက်ကြောင်း ကြေညာခဲ့ပါသည်။

ယခုကဲ့သို့ ဆောင်ရွက်ချက်များသည် ယခင်လက အမေရိကန်နိုင်ငံ၏ ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု စတင် အသက်ဝင်လာပြီးနောက် စီးပွားရေး တိုးတက်လာမှု နှေးကွေးလာမည်ကို စိုးရိမ်မှုများ ပေါ်ပေါက်လာသည့်အတွက် ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီး Nirmala Sitharaman က အိန္ဒိယနိုင်ငံ၏ အဆင့်လေးဆင့်ရှိ ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods and Services Tax - GST) စနစ်ကို အဆင့်နှစ်ဆင့်အဖြစ် ရိုးရှင်းစေရန် ပြင်ဆင်ပြီး အချို့ကိစ္စများတွင်မှု

အခွန်နှုန်းထားများကို ထက်ဝက်ကျော်အထိ လျှော့ချခြင်းများ အပါအဝင် ကဏ္ဍအသီးသီးရှိ အခွန်နှုန်းထားများကို လျှော့ချလိုက်ကြောင်း ကြေညာခဲ့ပါသည်။



GST ပြုပြင် ပြောင်းလဲမှုများကို စစ်ဆေးသည့်အဖွဲ့သည် သွားတိုက်ဆေးနှင့် ခေါင်းလျှော်ရည်ကဲ့သို့ လူသုံးကုန်ပစ္စည်းများအပေါ် အခွန် ၁၈ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ကားငယ်များ၊ လေအေးပေးစက်များ (Air Conditioners) နှင့် ရုပ်မြင်သံကြားစက်များ (Televisions) အပေါ် အခွန် ၂၈ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချရန် အတည်ပြုခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီး Sitharaman က ပြောကြားခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ကြီးSitharaman ဦးဆောင်သော ယင်းအဖွဲ့သည် လက်ရှိကျင့်သုံးနေသည့် အခွန်နှုန်းထား လေးခုအစား ၅ ရာခိုင်နှုန်းနှင့် ၁၈ ရာခိုင်နှုန်း ဟူသည့် နှုန်းထား နှစ်ခု စနစ်ကို အတည်ပြုခဲ့ပါသည်။ အသစ်ချမှတ်လိုက်သော အခွန်စနစ်သစ်သည် အသက်အာမခံနှင့် ကျန်းမာရေး အာမခံများ အပါအဝင် အာမခံပရီမီယံများကိုပါ အခွန်ကင်းလွတ်ခွင့် ရရှိစေပါသည်။

ဘဏ္ဍာရေးဝန်ကြီးက GST အခွန်လျှော့ချမှုများသည် အခွန်နှုန်းထားပြဿနာ (Tariff Turmoil) နှင့် ဆက်စပ်မှုမရှိကြောင်း အခိုင်အမာ ပြောကြားခဲ့ပြီး ၎င်းတို့သည် ကာလရှည် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဟိန္ဒူပွဲတော် Navratri ၏ ပထမနေ့ဖြစ်သည့် စက်တင်ဘာလ ၂၂ ရက်မှစတင်၍ အကောင်အထည်ဖော်မည့် အခွန်လျှော့ချမှုများကြောင့် အိန္ဒိယနိုင်ငံ၏ ဗဟိုအစိုးရနှင့် ပြည်နယ် အစိုးရများသည် အိန္ဒိယရူပီး ၄၈၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅.၄၉ ဘီလီယံ) ဆုံးရှုံးနိုင်မည်ဟု ခန့်မှန်းထားပါသည်။

### အထူးဇိမ်ခံပစ္စည်းများ (Super Luxury Goods) နှင့် လူ့ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ကုန်ပစ္စည်းများ (Sin Goods) အပေါ် ကောက်ခံသည့်အခွန် ၄၀ ရာခိုင်နှုန်း

ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သည့် ပုဂ္ဂလိကအခွန်လျှော့ချမှုများနှင့်အတူ GST အခွန်လျှော့ချမှုများသည် တောင်အာရှနိုင်ငံတွင် စားသုံးမှုနှုန်းကို မြင့်တင်ပေးနိုင်ရန် မျှော်မှန်းထားပြီး ယင်းတောင်အာရှနိုင်ငံများ၏ စီးပွားရေးသည် ဇွန်လအထိ သုံးလပတ်ကာလအတွင်း ၇.၈ ရာခိုင်နှုန်းအထိ ရုတ်တရက် မြင့်တက်လာခဲ့ပါသည်။

GST နှုန်းထားကို ကျိုးကြောင်း ဆီလျော် အောင်ပြုလုပ်ခြင်းအစား စားသုံးမှု မြင့်တင် ခြင်းသည် ဖြစ်နိုင်ခြေရှိသော မည်သည့် ဝင်ငွေသက်ရောက်မှုကို မဆိုပို၍ ပျက်ပြယ် သွားစေမည်ဟု SBI မှ စီးပွားရေးပညာရှင် Soumya Kanti Ghosh က ပြောကြားခဲ့ ပါသည်။

ဘဏ္ဍာရေး လိုငွေအပေါ် သက်ရောက်မှုသည် သိသာမှုရှိမည် မဟုတ်ကြောင်း သို့မဟုတ် အကောင်းဘက်သို့ပင် ဦးတည်နိုင်ကြောင်း ယူဆလျက်ရှိပါသည်။




အထူးဇိမ်ခံပစ္စည်းများ (Super Luxury Goods) နှင့် လူ့ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ကုန်ပစ္စည်းများ (sin goods) ဖြစ်သည့် စီးကရက်၊ အင်ဂျင်ပါဝါ ၁,၅၀၀ ကုဗစင်တီမီတာ (၉၁.၅ ကုဗလက်မ) ကျော်သည့် ကားများ၊ ကာဗွန်ပါသော အချိုရည်များ စသည်တို့အပေါ် ၄၀ ရာခိုင်နှုန်း အခွန်ကောက်ခံရန် ကော်မတီက အတည်ပြုခဲ့ကြောင်း ဝန်ကြီးကပြောကြားခဲ့ပါသည်။

အဆိုပါလုပ်ဆောင်ချက်သည် Hindustan Unilever နှင့် Godrej Industries ကဲ့သို့ စားသုံးသူများအတွက် တတ်နိုင်ပြီး ရောင်းချရလွယ်ကူသော လူသုံးကုန် ပစ္စည်းများ (fast-moving consumer goods) ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် Samsung Electronics၊ LG Electronics နှင့် Sony တို့ကဲ့သို့ အီလက်ထရွန်းနစ် ကုမ္ပဏီများ၏ ရောင်းအားကို မြင့်တင်နိုင်ရန် မျှော်လင့်ပါသည်။

ထို့ပြင် Maruti၊ Toyota Motor နှင့် Suzuki Motor ကဲ့သို့သော မော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီများသည် အခွန်လျှော့ချမှုနှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်သောရလဒ်များ ရရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ အခွန်လျှော့ချရန် အလျင်အမြန် လုပ်ဆောင်ရခြင်းမှာ အိန္ဒိယတွင် ကိုယ့်အားကိုကိုးနိုင်မှု ပိုမိုမြင့်မား စေရန်အတွက် ဝန်ကြီးချုပ် Narendra Modi ၏ တိုက်တွန်း မှုကြောင့်ဖြစ်ပြီး ၎င်းက အမေရိကန်နိုင်ငံ၏ အခွန်အကောက် ၅၀ ရာခိုင်နှုန်းကို တုံ့ပြန်သည့် အနေဖြင့် အောက်တိုဘာလမှ စတင်၍ GST ကို လျှော့ချရန် ကတိပြုခဲ့ပါသည်။

အခွန်လျှော့ချမှုများကြေညာပြီးနောက် ဝန်ကြီးချုပ်မိုဒီက **"ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများသည် ကျွန်ုပ်တို့ နိုင်ငံသားများ၏ ဘဝများကို တိုးတက် ကောင်းမွန်စေပြီး အထူးသဖြင့် ကုန်သည်လေးများနှင့် အသေးစားစီးပွားရေး လုပ်ငန်းများ အားလုံးအတွက် စီးပွားရေး လုပ်ကိုင်ရလွယ်ကူ ချောမွေ့စေလိမ့်မည်"** ဟု

ပြောကြားခဲ့ပါသည်။

Source: https://www.aljazeera.com/news/2025/9/3/india-cuts-consumption-taxes-to-boost-demand-after-trumps-tariff-blow

ဒေါ်နွယ်ယဉ်ထွန်း
ဦးစီးအရာရှိ
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

**ဗီယက်နမ်အလယ်ပိုင်းရှိ Gia Lai သည် အမေရိကန်ဒေါ်လာ ၈၇ သန်းတန် လေ့ကျင့်ရေးစင်တာ အသစ်ဖြင့် စိမ်းလန်းသောစွမ်းအင်ကို ရှေ့ဆောင်ပေး**

ဗီယက်နမ်အလယ်ပိုင်းရှိ Gia Lai ပြည်နယ်သည် လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ ကျောင်းသားများကို ဆွဲဆောင်နိုင်သော နိုင်ငံတကာ လေ့ကျင့်ရေးဗဟို ဖြစ်လာရန် မျှော်မှန်းထားပါသည်။

ဗီယက်နမ် အလယ်ပိုင်းရှိ Gia Lai ပြည်နယ်သည် Phu My Dong ကွန်မြူနတီတွင် ၂၃ ဟက်တာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စင်တာအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို မြင့်တင်လျက်ရှိပါသည်။

ခန့်မှန်းခြေ ရင်းနှီးမြှုပ်နှံမှု VND ၂.၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၇ သန်း) ရှိ အဆိုပါ စီမံကိန်းသည် ဗီယက်နမ်၏ အရည်အသွေးမြင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ရှားပါးမှုကို ဖြေရှင်းရန်နှင့် စိမ်းလန်းသော စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရန် စီစဉ်ထားပါသည်။

ခေတ်မီဆန်းသစ်သော စင်တာတွင် အစိမ်းရောင် ဟိုက်ဒရိုဂျင် ထုတ်လုပ်သည့်အလုပ်ရုံ၊Hyperbaric အောက်ဆီဂျင် ကုထုံးစင်တာ၊မိုးလုံလေလုံနှင့် ကမ်းလွန် လေ့ကျင့်ရေးနေရာများ၊ လေ့ကျင့်ရေးမျှော်စင်နှင့် အထပ်နိမ့်နှင့် အထပ်မြင့် နေရာ ထိုင်ခင်းများ အပါအဝင်ပြည့်စုံသော အခြေခံအဆောက်အဦများ ပါဝင်မည်ဖြစ်ပါသည်။ ၎င်း၏ ကိုယ်ပိုင်လေအား တာဘိုင်စနစ်နှင့် နေရောင်ခြည် စွမ်းအင်သုံး နေရာအပြင် အားကစားပစ္စည်းများနှင့် ရပ်ဘတ်ယာဉ် ဆင်းသက်သည့် ပြေးလမ်းကြောင်းတို့နှင့်အတူ လေ့ကျင့်ရေး၊ သုတေသနနှင့် နေထိုင်ရန်အတွက် ကိုယ်တိုင်ပါဝင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးမည်ဖြစ်ပါသည်။



စွမ်းအင် သင်တန်းကျောင်းတစ်ခုဖြစ်လာစေရန်အတွက် သင်တန်းတစ်ခုလျှင် ကျောင်းသားဦးရေ ၄၀၀ခန့်ကို ကထိက ၁၁၇ ဦး ပါဝင်သောအဖွဲ့ဖြင့် လက်ခံကျင်းပရန် ရည်ရွယ်ထားပြီး အဆိုပါ စင်တာသည် ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်း အစိမ်းရောင် သင်တန်းကျောင်းတစ်ခုဖြစ်လာရန်ရည်ရွယ်ထားပါသည်။ Phu My Dong ကွန်မြူနတီကို ၎င်း၏ စံပြသဘာဝ အခြေအနေများအတွက် ရွေးချယ်ထားပြီး၊ တည်ငြိမ်သော လေတိုက်နှုန်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြီးပြည့်စုံသော နေရောင်ခြည်စွမ်းအင်ကို ပေးဆောင်ပြီး ၎င်း၏ပွင့်လင်းသော မြေပြင်၊ ကြီးမားသောမြေရန်ပုံငွေနှင့်သွားလာရေး အဆင်ပြေသော အခြေခံအဆောက်အအုံများသည် အကြီးစားစီမံကိန်းများအတွက် ဆွဲဆောင်မှုကို ပိုမိုအားကောင်းစေပါသည်။

စင်တာသည် လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ ကျောင်းသားများကို ဆွဲဆောင်နိုင်သော နိုင်ငံတကာ လေ့ကျင့်ရေး ဗဟိုဖြစ်လာမည်ဟုမျှော်မှန်းထားပါသည်။ ဤအစီအစဉ်သည် ကမ္ဘာလုံးဆိုင်ရာ အစိမ်းရောင်စွမ်းအင်လူ့စွမ်းအားအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှုတွင် Gia Lai ၏ ရပ်တည်ချက်ကို သိသာထင်ရှားစွာ အားကောင်းလာစေပြီး သန့်ရှင်းသောစွမ်းအင်နှင့် ရေရှည်တည်တံ့သော စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုတွင် ရှေ့ဆောင်အခန်း ကဏ္ဍကို ကတိကဝတ်ပြုမည် ဖြစ်ပါသည်။

၂၀၂၅-၂၀၂၆ တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံသူများကိုရွေးချယ်ရန် ခရိုင်ပြည်သူ့ကောင်စီက မြေကွက် ၅၂ ကွက်ကို လေလံဆွဲရန် မကြာသေးမီက အတည်ပြုခဲ့ပါသည်။ ၎င်းတွင် ရေအားလျှပ်စစ် ၅ ခု၊ နေရောင်ခြည်စွမ်းအင် ၁၃ ခု၊ လေ ၃၂ လုံးနှင့် ဇီဝလောင်စာသုံး ဓာတ်အားပေးစက်ရုံ ၂ ခုတို့ ပါဝင်ပြီး Gia Lai ၏ စိမ်းလန်းသော အနာဂတ်အတွက် ပြည့်စုံသော မဟာဗျူဟာကို ဖော်ပြနေပါသည်။

Source: https://en.vneconomy.vn/gia-lai-pioneers-green-energy-with-new-87-mln-training-hub.htm

ဒေါ်စုမြတ်မိုး
ဦးစီးအရာရှိ
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm